# ပထမအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန် အစည်းအဝေး
# နဝမနေ့ အစီအစဉ်
# [ ၂၈- ၁ - ၂၀၁၃ ]
# ( တနင်္လာနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် နဝမနေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးစောမော်ထွန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၏ **နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဝန်ကြီးဌာန၏ စေလွှတ်ချက်အရ ပြည်ပသို့ အစည်းအဝေး/ဆွေးနွေးပွဲများသွားရောက်ရာတွင် အကြီးတန်းအရာထမ်း(ညွှန်ကြားရေးမှူးချုပ်အဆင့်)မှအပ ကျန်ဝန်ထမ်းများအား သက်ဆိုင်ရာဝန်ကြီးဌာနမှ တာဝန်ယူ စိစစ်ခွင့်ပြုချက်ဖြင့် လုပ်ထုံးလုပ်နည်းများကို ဖြေလျှော့/ပြုပြင် ပြောင်းလဲနိုင်ခြင်း** ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးလှအေး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)၏ **ကော့သောင်း-ဘုတ်ပြင်း-တနင်္သာရီလမ်းပိုင်းအား ရာသီမရွေးသွားလာနိုင်သော ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၏ **မင်းတပ်မြို့နယ်၊ ပလိပ်တွီ၊ ဝမ္မသူး၊ မရှိန်းလျော်၊ ဘုရားစခန်း၊ ထင်ချောင်းရွာများကိုဖြတ်ပြီး ကျောက်ထု - မင်းတပ် ကတ္တရာကားလမ်းမကြီးသို့ ဆုံသည့် ကားလမ်းအား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လွှဲယူရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၏ **မိုဘိုင်းဖုန်းများကို ဈေးလျှော့ချရန် အစီအစဉ်ရှိသည့်အတွက် ကျေးလက်နေပြည်သူများအား အရစ်ကျရောင်းချမည့် အစီအစဉ်ကို ဈေးလျှော့ချပြီးမှသာ ဆက်လက်ဆောင်ရွက်ရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေကြမ်း နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း။

၇။ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း-

(က) ဦးမောင်အေးထွန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)

(ခ) ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)

၈။ ဦးနိန်းခင်းပေါင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) ၏ **အခြေခံပညာ ဆရာ/ဆရာမများ၏ စွမ်းဆောင်ရည်မြှင့်တင်မှုလုပ်ငန်း ဆွေးနွေးပွဲများ ဖြည့်ဆည်းကူညီပံ့ပိုးပေးရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကိုအောက်ပါ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည် ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း-

(က) ဗိုလ်မှူးကြီးအောင်ကျော်၊ တပ်မတော်သားကိုယ်စားလှယ်

( ခ )  ဒေါက်တာဝင်းမြင့်အောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)

( ဂ )  ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)

(ဃ)  ဗိုလ်မှူးမြင့်စိန်၊ တပ်မတော်သားကိုယ်စားလှယ်

၉။  အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် နဝမနေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် ဒသမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။